Message Three

# ကျွန်ုပ်တို့၏ စိတ်နှလုံးများ၌ အရုဏ်တက်၍ မိုးသောက်ကြယ် ထွက်ပေါ်သည့်ကာလတိုင်အောင် ပရောဖက်စကားတော်ကို မှောင်မိုက်အရပ်၌ ထွန်းလင်းသော ဆီမီးခွက်ကဲ့သို့ မှတ်၍၊ အမှီပြုခြင်းအားဖြင့် သခင်ဘုရားကြွလာခြင်းအတွက် ကျွန်ုပ်တို့ကိုယ်ကို အဆင်သင့်ဖြစ်စေခြင်း

ဖတ်ရန်ကျမ်း။ ။ ၂ပေ၊၁း၁၉။ ဆာ၊၁၁၉း၁၀၅၊ ၁၃၀။ ဗျာ၊၂း၂၈။ မာလ၊၄း၂။ ၁သက်၊၅း၄-၆

**I. ယုံကြည်သူများအဖို့ ပရောဖက်စကားတော်ကို အလေးထားခြင်းသည် အရေးကြီးပေသည် - ၂ပေ၊၁း၁၉က။**

A. ပရောဖက်ပြုချက်များသည် ဘုရားသခင်က ကျွန်ုပ်တို့အား သိရှိရန် တောင်းဆိုသည့် အကြောင်းအရာများ ဖြစ်ကြပြီး၊ ယုံကြည်သူများသည် ၎င်းတို့အား အလေးထားရမည်ဖြစ်သည် - ၁ပေ၊၁း၁၀။ ၂ပေ၊၃း၂။ လု၊၁း၇၀။

B. သခင်ယေရှုသည် ကျွန်ုပ်တို့အား ပရောဖက်ပြုချက်များကို သိမှတ်နားလည်ရန် မိန့်မှာထားခဲ့သည်၊ ဤသည်မှာ ယုံကြည်သူများသည် သမ္မာကျမ်းစာရှိ ပရောဖက်ပြုချက်များအား အလေးထားရမည်ကို ရှင်းလင်းစွာ ပြသသည် - မ၊၂၄း၁၅။ ညွှန်း၊ ဒံ၊၉း ၂၄-၂၇။

C. အသင်းတော်သည် ထိုပရောဖက်ပြုချက်များကို ပြည့်ပြည့်ဝဝ အလေးမထားလျှင်၊ များစွာသော ယုံကြည်သူတို့သည် မလွဲဧကန် ယုံကြည်ခြင်းကို ဆုံးရှုံးခြင်း၊ လိမ်ညာခြင်းများအားဖြင့် လှည့်စားခံရခြင်း၊ အသိပညာ နည်းပါးသောကြောင့် ဖျက်ဆီးခံရခြင်းနှင့် စောင့်ကြည့်ခြင်း မရှိခြင်းအားဖြင့် သခင်ဘုရား၏ကြွလာခြင်းကို မေ့လျော့ခြင်းတို့ ရှိလိမ့်မည်ဖြစ်သည် - ဟောရှေ၊ ၄း၆။ ၁သက်၊၅း၄-၆။ မ၊၂၄း၄၂။ ၁ပေ၊၅း၈။

D. ယုံကြည်သူများ၌ သမ္မာကျမ်းစာရှိ ပရောဖက်ပြုချက်များ မရှိလျှင်၊ သူတို့သည် မှောင်မိုက်အထဲသို့ ရောက်ရှိသွားလိမ့်မည်ဖြစ်သည် - တ၊၂၆း၁၈။ ယော၊၁၂း၃၅-၃၆။ ဧ၊၅း၈-၉။

1. မျက်မှောက်ခေတ်ကာလသည် ညအချိန် ဖြစ်သည် - ရော၊၁၃း၁၂။ ၁သက်၊၅း၄-၈။
2. သခင်ယေရှု ကြွလာသောအခါ၊ ထိုနေ့ရက်သည် အရုဏ်တက်၍ (၂ပေ၊၁း၁၉ဂ)၊ နောက်လာမည့်ခေတ်၊ နိုင်ငံတော်ခေတ်သည် နေ့အချိန် ဖြစ်လိမ့်မည်ဖြစ်သည်။

**II. ပေတရုသည် သမ္မာကျမ်းစာရှိ ပရောဖက်ပြုချက်စကားကို မှောင်မိုက်အရပ်၌ ထွန်းလင်းသော ဆီမီးခွက်နှင့် ပုံခိုင်းပြထားသည် - အငယ်၊၁၉ခ။**

A. ဤသည်မှာ ဤခေတ်ကာလသည် အမှောင်ညစ်ညမ်းရှိသော မှောင်မိုက်နေရာ (ရော၊၁၃း၁၂) ဖြစ်ပြီး၊ ဤလောကရှိ လူအားလုံးတို့သည် မှောင်မိုက်၌ လှုပ်ရှား၊ လုပ်ဆောင်နေကြောင်းကို ညွှန်ပြသည် (ညွှန်း၊ တ၊၂၆း၁၈)။

B. ယုံကြည်သူများအဖို့ ထွန်းလင်းသော ဆီမီးခွက်တည်းဟူသော သမ္မာကျမ်းစာရှိ ပရောဖက်စကားတော်သည် သူတို့၏မှောင်မိုက်၌ ဝိညာဉ်ဆိုင်ရာအလင်းကို ထွန်းလင်းပေး၍ (သူတို့၏ အသိစိတ်အားဖြင့် သိမှတ်ခြင်းငှာ စာအသိသက်သက်မဟုတ်)၊ သူတို့အား သခင်ဘုရား ပေါ်ထွန်းတော်မူမည့် နေ့ရက်အထိ အမှောင်ညကို ဖြတ်ကျော်ကာ၊ တောက်ပသောနေ့ရက်အထဲသို့ ဝင်ရောက်ရန် ဦးဆောင်လမ်းပြပေးကြောင်းကို ဖော်ပြသည် - ၂ပေ၊၁း၁၉ခ။ ၂တိ၊၄း၈။ ၁း၁၂။

C. နေမင်းအလင်းကဲ့သို့ သခင်ဘုရား ပေါ်ထွန်းထင်ရှားခြင်းမရှိမီတိုင်၊ ကျွန်ုပ်တို့၏ခြေရှေ့၌ လင်းစေရန် အလင်းဖြစ်သော ဤစကားတော်ကို ကျွန်ုပ်တို့ လိုအပ်သည် - မာ၊၄း၂။ ဆာ၊၁၁၉း၁၀၅၊ ၁၃၀။

D. ကျွန်ုပ်တို့သည် မှောင်မိုက်အရပ်၌ ထွန်းလင်းသော ဆီမီးခွက်တည်းဟူသော သမ္မာကျမ်းစာရှိ ပရောဖက်စကားတော်ကို အလေးထားမည်ဆိုလျှင်၊ ကျွန်ုပ်တို့သည် မှောင်မိုက်၌ ထွန်းလင်းခြင်းငှာ ကျွန်ုပ်တို့၏ စိတ်နှလုံးများတွင် ခရစ်တော်၏ပေါ်ထွန်းခြင်း ရှိလာမည်ဖြစ်သည် - ၂ပေ၊၁း၁၉ခ။

**III. ကျွန်ုပ်တို့၏ စိတ်နှလုံးများ၌ အရုဏ်တက်၍ မိုးသောက်ကြယ် ထွက်ပေါ်သည့်ကာလတိုင်အောင် မှောင်မိုက်အရပ်၌ ထွန်းလင်းသော ဆီမီးခွက်ကို အလေးထားရန် လိုအပ်သည် - အငယ်၊၁၉ဂ။**

A. "မှောင်မိုက်အရပ်"ဟု ပြန်ဆိုထားသည့် ဂရိစကားလုံးကို "မှုန်မှိုင်းသောနေရာ"ဟုလည်း ပြန်ဆိုနိုင်သည်၊ ထိုနေရာသည် ညစ်ညူးသော၊ ခြောက်သွေ့သော၊ လျစ်လျူရှုထားသောနေရာ ဖြစ်သည်။

B. ထွက်ပေါ်သည့်ကာလ မှာ ရောက်လာမည့်အချိန်တွင် မိုးသောက်ကြယ် အရုဏ်တက်လာသည်နှင့်အတူ အလင်းအပြည့် ထွန်းလင်းမည့် တောက်ပသောနေ့ ဖြစ်ပြီး၊ အရုဏ်မတက်မီတွင် သမ္မာကျမ်းစာရှိ ပရောဖက်စကားတော်ကို အလေးထား ခြင်းဖြင့် ယုံကြည်သူများ၏ စိတ်နှလုံး၌ အလင်းထွန်းလင်းခြင်းခံရမည်ကို သရုပ်ဖော်ပြသည့် ဥပမာဖြစ်သည်။

1. ဤသည်မှာ ယုံကြည်သူတို့အား သခင်ဘုရား၏ မျက်မှောက်တော်ကို ရိုးသားစွာ ရှာဖွေရန်နှင့် စောင့်မျှော်ရန် ခွန်အား ပေးထားခြင်းဖြစ်သည်။ သို့မှသာ သူတို့သည် သူခိုးကဲ့သို့ ကြွလာတော်မူမည့် ကိုယ်တော်၏ လျှို့ဝှက်စွာ ကြွလာခြင်း (ပါရိုးစီးယား) ၌ ကိုယ်တော်နှင့် လွဲချော်မှုရှိမည် မဟုတ်တော့ပေ - မ၂၄း၂၇ နှင့်မှတ်စု ၁၊ အငယ်၊၄၂-၄၃။ ၂သက်၊၂း၈ နှင့်မှတ်စု ၃။

2. ဤဥပမာ ပုံဆောင်ချက်သည် ဤခေတ်ကာလ၏ အမှောင်ညကို ဖြတ်ကျော်ရန် ဖြောင့်မတ်သော နေမင်းကဲ့သို့ အလင်း ထွန်းလင်းမည့် သခင်ဘုရား ထင်ရှားပေါ်ထွန်းသော (ကြွလာခြင်း) နေ့တည်းဟူသော ရောက်လာမည့်ခေတ်၊ နိုင်ငံတော် ခေတ်ကို ရည်ညွှန်းခြင်းဖြစ်သည် - မာလ၊၄း၂။

C. မိုးသောက်ကြယ်သည် အရုဏ်မတက်မီ၊ အမှောင်မိုက်ဆုံးအချိန်၌ ထွန်းလင်းသည် - ဗျာ၊၂၂း၁၆။ ညွှန်း၊ စာရင်း၊၂၄း၁၇။ မ၂း၂၊ ၉-၁၀။

1. ဤသည်မှာ ခရစ်တော်သည် ဤခေတ်၏အဆုံးမတိုင်မီ အမှောင်မိုက်ဆုံးအချိန်၌ ထွန်းတောက်သော မိုးသောက်ကြယ် အဖြစ် ပေါ်ထွန်းလိမ့်မည်ဖြစ်ကြောင်း ရည်ညွှန်းသည် - ဗျာ၊၂၂း၁၆။

2. မိုးသောက်ကြယ်အဖြစ် သခင်ဘုရား၏ ပေါ်ထွန်းခြင်းနှင့် ဖြောင့်မတ်ခြင်း၏ နေမင်းအဖြစ် ကိုယ်တော်၏ ပေါ်ထွန်း ခြင်းသည် တစ်ချိန်တည်း ဖြစ်လိမ့်မည်မဟုတ်ပါ - ၂း၂၈။ မာလ၊၄း၂။

   a. မိုးသောက်ကြယ်သည် အရုဏ်မတက်မီ ပေါ်ထွန်းခြင်းဖြစ်ပြီး၊ နေမင်း၏ ပေါ်ထွန်းထင်ရှားခြင်းသည် အရုဏ်တက် ပြီးနောက် ဖြစ်ပေါ်ခြင်းဖြစ်သည်။

   b. အရုဏ်တက်ပြီးနောက် ဖြောင့်မတ်ခြင်း၏ နေမင်းတည်းဟူသော ခရစ်တော်သည် မြေကြီးပေါ်ရှိ လူများအားလုံး ထံ ထင်ရှားစွာ ပေါ်ထွန်းလိမ့်မည်ဖြစ်သည် - အငယ်၊၂။

   c. အရုဏ်မတက်မီ ထွန်းတောက်သော မိုးသောက်ကြယ်တည်းဟူသော ကိုယ်တော်သည် သူ့အား စောင့်မျှော်ခြင်း၊ ပြင်ဆင်ခြင်းနှင့် စောင့်ဆိုင်းခြင်းရှိသော အောင်မြင်သူများထံသို့ လျှို့ဝှက်စွာ ပေါ်ထွန်းလိမ့်မည်ဖြစ်သည် - ဗျာ၊ ၂၂း၁၆။

   d. ကိုယ်တော်သည် သူ့အား ချစ်မြတ်နိုးပြီး၊ စောင့်မျှော်၊ စောင့်ဆိုင်းနေသောသူများထံသို့ မိမိကိုယ်တော်တိုင်ကို မိုးသောက်ကြယ်အဖြစ် လျှို့ဝှက်စွာ ပေးအပ်လိမ့်မည်ဖြစ်သည်။ ကိုယ်တော်၏ အချိန်အတော်ကြာ ပျောက်ကွယ် သွားပြီးနောက် ပြန်ကြွလာခြင်း၌ ကိုယ်တော့်မျက်မှောက်တော်၏ သစ်လွင်လန်းဆန်းမှုကို မြည်းစမ်းရန် သူတို့ သည် ဦးစားပေး ဖြစ်နိုင်ပေသည် - ၂း၂၈။

D. ကျွန်ုပ်တို့သည် မှောင်မိုက်အရပ်၌ ထွန်းလင်းသော ဆီမီးခွက်တည်းဟူသော သမ္မာကျမ်းစာရှိ ပရောဖက်စကားတော်ကို အလေးထားသောအခါ၊ ကျွန်ုပ်တို့အတွင်းရှိ အခြေအနေမှာ ကျွန်ုပ်တို့၏ စိတ်နှလုံးများ၌ အရုဏ်တက်၍ မိုးသောက်ကြယ် ထွက်ပေါ်သောနေ့ကဲ့သို့ ဖြစ်လိမ့်မည် - ၂ပေ၊၁း၁၉။

1. ပုံပန်းသဏ္ဍာန်အရ၊ အရုဏ်တက်ခြင်း သည် ထွန်းလင်းတောက်ပသောနေ့တည်းဟူသော ကြွလာမည့် နိုင်ငံတော်ခေတ် ကာလကို ရည်ညွှန်းသည် - ညွှန်း၊ မ၊၁၃း၄၃။

2. ခရစ်တော်၏ ပုံဆောင်ချက်များနှင့်စပ်လျဉ်း၍ သမ္မာကျမ်းစာတစ်အုပ်လုံးသည် အလင်းတည်းဟူသော ကိုယ်တော်နှင့် အစပြုပြီး၊ မိုးသောက်ကြယ်တည်းဟူသော ကိုယ်တော်နှင့် အဆုံးသတ်ထားသည် - က၊၁း၃။ ဗျာ၊၂း၂၈။ ၂၂း၁၆။

3. နိုင်ငံတော်ခေတ်၏ အရှုဏ်တက်ခြင်းမတိုင်မီ၊ ညဉ့်၏ အမှောင်မိုက်ဆုံးအချိန်တွင် ခရစ်တော်ကို ရည်ညွှန်းသည့် မိုးသောက်ကြယ်သည် ကိုယ်တော်၏ ပေါ်ထွန်းတော်မူခြင်းကို ချစ်မြတ်နိုးသောသူများ၏ စိတ်နှလုံးများ၌ လျှို့ဝှက်စွာ ပေါ်ထွန်းလိမ့်မည်ဖြစ်သည် - အငယ်၊၁၆ခ။
4. ကျွန်ုပ်တို့သည် သမ္မာကျမ်းစာ၏ အလင်းပေးသော စကားတော်ကို အဆက်မပြတ် အလေးထားလျှင်၊ ထွန်းတောက်သော မိုးသောက်ကြယ်တည်းဟူသော ကိုယ်တော်၏ အမှန်တကယ် ပေါ်ထွန်းခြင်းမတိုင်မီ ကျွန်ုပ်တို့၌ အရှုဏ်တက်ခြင်းတည်းဟူသော နိုင်ငံတော်နှင့် ကျွန်ုပ်တို့၏ စိတ်နှလုံးများ၌ ပေါ်ထွန်းလာသော မိုးသောက်ကြယ်တည်းဟူသော ခရစ်တော် ရှိလိမ့်မည်ဖြစ်သည် - ၂ပေ၊၁း၁၉။ ဗျာ၊၂း၂၈။
5. မိုးသောက်ကြယ်တည်းဟူသော ခရစ်တော်ကို အောင်မြင်သူများထံသို့ သူတို့၏ ပထမဆုံးသော ဆုလာဘ်အဖြစ် ပေးလိမ့်မည်ဖြစ်သည်။ ကျွန်ုပ်တို့သည် မိုးသောက်ကြယ်တည်းဟူသော ကိုယ်တော်၏ လျှို့ဝှက်စွာ ပေါ်ထွန်းခြင်းအတွက် မိမိတို့ကိုယ်ကို အဆင်သင့်ဖြစ်စေရန် လိုအပ်သည် - အငယ်၊၂၈-၂၉။

*© 2023 Living Stream Ministry*